# စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

# ပြည်တွင်းအခွန်များဦးစီးဌာန

# လိုက်နာဆောင်ရွက်မှုတိုးတက်စေရေး မဟာဗျူဟာ

# (COMPLIANCE IMPROVEMENT STRATEGY – CIS)

## လိုက်နာဆောင်ရွက်မှုတိုးတက်စေရေး မဟာဗျူဟာ (Compliance Improvement Strategy- CIS)

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | နိဒါန်း | ၁ |
| ၂ | ရည်ရွယ်ချက် | ၁ |
| ၃ | တွေ့ကြုံရမည့်စိန်ခေါ်မှုများ | ၁ - ၂ |
| ၄ | လိုက်နာဆောင်ရွက်မှုတိုးတက်စေရေးမဟာဗျူဟာ၏ အကျိုးရလဒ် | ၂ |
| ၅ | အခွန်ထမ်းလိုက်နာဆောင်ရွက်မှုအားကောင်းလာစေရန် ဆောင်ရွက်ရမည့်နယ်ပယ် | ၂ - ၃ |
| ၆ | လိုက်နာဆောင်ရွက်မှုတိုးတက်စေရေး မဟာဗျူဟာအဖွဲ့ (Compliance Improvement Strategy Team – CIS Team) ဖွဲ့စည်းခြင်း | ၃ |
| ၇ | မဟာဗျူဟာ၏ အဓိကကျသည့်အခန်းကဏ္ဍများ | ၄ - ၆ |
| ၈ | လိုက်နာဆောင်ရွက်မှုတိုးတက်စေရေးမဟာဗျူဟာ (CIS) ဆောင်ရွက်ရန်အစီအစဉ် | ၆ - ၇ |
| ၉ | လိုက်နာဆောင်ရွက်မှုတိုးတက်စေရေးအတွက် ချဉ်းကပ်ဆောင်ရွက်မည့် နည်းလမ်းများ | ၇-၁၂ |
| ၁၀ | လိုက်နာဆောင်ရွက်မှုတိုးတက်စေရေးအတွက် ဆုံးရှုံးနိုင်ခြေများအပေါ်ကုစားမှု အစီအစဉ်များ စီစဉ်ဆောင်ရွက်ခြင်း | ၁၂-၁၅ |
| ၁၁ | လိုက်နာဆောင်ရွက်မှုမဟာဗျူဟာအားပြန်လည်သုံးသပ်ခြင်းနှင့် နှစ်အလိုက် လိုက်နာဆောင်ရွက်မှု တိုးတက်စေရေးမဟာဗျူဟာ ရေးဆွဲခြင်း | ၁၅ |
| ၁၂ | နိဂုံး | ၁၆ |

## စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

## ပြည်တွင်းအခွန်များဦးစီးဌာန

## လိုက်နာဆောင်ရွက်မှုတိုးတက်စေရေး မဟာဗျူဟာ

## (COMPLIANCE IMPROVEMENT STRATEGY – CIS)

### နိဒါန်း

၁။ ပြည်တွင်းအခွန်များဦးစီးဌာနသည် နိုင်ငံတော်အတွက် ဘဏ္ဍာငွေရှာဖွေရသော ဌာနတစ်ခုဖြစ်သည့်အားလျော်စွာ ရသင့်ရထိုက်သောအခွန်များကို ထိရောက်စွာကောက်ခံနိုင်စေရန်ရည်ရွယ်၍ အခွန်ကို အမြင့်မားဆုံးကောက်ခံရရှိစေရေးအတွက် အဓိကထားဆောင်ရွက်ရမည်ဖြစ်ပါသည်။ သို့ဖြစ်ရာ အခွန်ထမ်းများအားလုံး၏ အခွန်ဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်မှုကို တိုးတက်စေရန်အတွက် လိုက်နာဆောင်ရွက်မှုတိုးတက်စေရေးမဟာဗျူဟာ (Compliance Improvement Strategy - CIS) တစ်ရပ်ချမှတ်ကာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

### ရည်ရွယ်ချက်

၂။ အခွန်တိုးတက်ကောက်ခံရရှိမှုအတွက် ရည်ရွယ်၍ ရေးဆွဲသော အခွန်ထမ်းများ၏ လိုက်နာဆောင်ရွက်မှုတိုးတက်စေရေးမဟာဗျူဟာ (Compliance Improvement Strategy - CIS) သည် ပြည်တွင်းအခွန်များဦးစီးဌာန၏ ပြုပြင်ပြောင်းလဲရေးမဟာဗျူဟာလုပ်ငန်းအစီအစဉ်၏ အစိတ်အပိုင်းတစ်ခုဖြစ်ပါသည်။

၃။ မြန်မာနိုင်ငံ၏ လက်ရှိအခွန်ကောက်ခံမှုစနစ်တွင် အခွန်ထမ်းများအပိုင်းမှ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများအပေါ် ကျယ်ပြန့်စွာ သိရှိနားလည်နိုင်မှုနှင့် စည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်မှုအပိုင်းတွင် အားနည်းချက်များရှိနေပါသည်။ ဌာနအနေဖြင့် ခေတ်မီသောအခွန်စီမံခန့်ခွဲမှုလုပ်ငန်းစဉ်များကို လုပ်ငန်းအစဉ်အလိုက် သတ်မှတ်ကာလအတွင်း အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ခိုင်မာသော ရည်မှန်းချက်ထားရှိပြီး ဆောင်ရွက်လျက်ရှိပါသည်။

### တွေ့ကြုံရမည့်စိန်ခေါ်မှုများ

၄။ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် ခေတ်မီအခွန်စီမံခန့်ခွဲမှုစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောက်ဖော်ပြပါစိန်ခေါ်မှုများနှင့် ရင်ဆိုင်ကြုံတွေ့ရလျက်ရှိပါသည်-

(က) ဝန်ထမ်းများ၏ မူလတာဝန်များအပြင် အခြားတာဝန်များပါဆောင်ရွက်ရသည့်အတွက် ဝန်ထမ်းများတွင် တာဝန်ပိုမိုစေခြင်း၊

(ခ ) အခွန်ထမ်းများလွယ်ကူအဆင်ပြေစေရေးအတွက် အီလက်ထရောနစ်နည်းလမ်းများဖြင့် ဆောင်ရွက်နိုင်ရန် စီစဉ်ပေးခြင်းနှင့် အခွန်ပညာပေးဝန်ဆောင်မှုများ ဆောင်ရွက်ခြင်း

အတွက် အသုံးစရိတ်ရန်ပုံငွေ လိုအပ်ခြင်း၊

(ဂ ) အခွန်ပညာပေးဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ရန်အတွက် အခွန်ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ပေးရန်လိုအပ်ခြင်း၊

(ဃ) အခွန်ထမ်းလိုက်နာဆောင်ရွက်မှုအားကောင်းစေရန် ဆောင်ရွက်ရာတွင် ဆက်စပ်ဌာန အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သောကြောင့် အဆိုပါအဖွဲ့အစည်း များ၏ နွေးထွေးပျူငှာသည့် အကူအညီများရရှိရန်လိုအပ်ခြင်း၊

(င ) အခွန်ဥပဒေများအပေါ်အခွန်ထမ်းများ၏ လိုက်နာဆောင်ရွက်မှုနိမ့်ကျနေခြင်း၊

(စ ) ဌာန၏အသုံးစရိတ်သည် ကောက်ခံရရှိမှုနှင့် နှိုင်းယှဉ်ပါက ရာခိုင်နှုန်းအနည်းငယ်သာရှိ သည့်အတွက် ဖွံ့ဖြိုးဆဲနိုင်ငံများနှင့်နှိုင်းယှဉ်ပါကလျော့နည်းနေခြင်း။

## လိုက်နာဆောင်ရွက်မှုတိုးတက်စေရေးမဟာဗျူဟာ၏ အကျိုးရလဒ်

၅။ အခွန်ထမ်းများ၏ လိုက်နာဆောင်ရွက်မှုတိုးတက်စေရေးမဟာဗျူဟာ (Compliance Improvement Strategy - CIS) ရေးဆွဲခြင်းဖြင့် အောက်ပါအကျိုးကျေးဇူးများရရှိမည် ဖြစ်ပါသည်-

(က) အခွန်ထမ်းများအပေါ် ဝန်ဆောင်မှုပေးသည့် လုပ်ငန်းစဉ်များတွင် ပိုမိုတိုးတက်ကောင်း မွန်လာစေခြင်း၊

(ခ ) အခွန်ထမ်းများ၏ လိုက်နာဆောင်ရွက်မှုလုပ်ငန်းစဉ်များ ပိုမိုတိုးတက်ကောင်းမွန်လာ စေခြင်း၊

(ဂ ) အခွန်ထမ်းများ၏ဆန္ဒအလျောက် လိုက်နာဆောင်ရွက်မှု တိုးတက်လာသည်နှင့်အမျှ အခွန်ကောက်ခံရရှိမှု အမြင့်မားဆုံးဖြစ်စေခြင်း၊

(ဃ) အခွန်ပေးဆောင်ထိုက်သူများအားလုံးအခွန်ထမ်းဖြစ်စေရန် ဆောင်ရွက်ရာတွင် ပိုမိုအား ကောင်းလာစေခြင်း၊

(င ) အဂတိလိုက်စားမှု နှိမ်နင်းပပျောက်ရေးလုပ်ငန်းစဉ်များအား အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အထောက်အပံ့ဖြစ်စေခြင်း။

## အခွန်ထမ်းလိုက်နာဆောင်ရွက်မှု အားကောင်းလာစေရန် ဆောင်ရွက်ရမည့်နယ်ပယ်

၆။ မြန်မာနိုင်ငံသည် နိုင်ငံတကာနှင့်ကူးလူးဆက်ဆံရန်အတွက် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ခဲ့ပြီး နိုင်ငံခေတ်မီဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်ရာတွင် အခွန်တိုးတက်ကောက်ခံရရှိရေးသည် အရေးကြီး သည့် အခန်းကဏ္ဍတွင်ပါဝင်ပါသည်။ သို့ဖြစ်ရာ အခွန်အများဆုံးပေးဆောင်နေသည့် အခွန်ထမ်းများ အတွက် အခွန်ဆိုင်ရာဝန်ဆောင်မှုများအကောင်းဆုံးပေးနိုင်ရေးအတွက် အခွန်ထမ်းကိုယ်တိုင်အခွန် စည်းကြပ်သည့်စနစ် (Self-Assessment System – SAS) ကိုကျင့်သုံးသည့်ရုံးများကို စတင်ဖွဲ့စည်းခဲ့ ပါသည်။ ထိုသို့ဖွဲ့စည်းရာတွင် ရောင်းရငွေ ၁၀ ဘီလီယံအထက်ရရှိသော ကုမ္ပဏီများ၊ နိုင်ငံပိုင်စီးပွား

ရေးအဖွဲ့အစည်းများနှင့် ကဏ္ဍအလိုက် သီးခြားသတ်မှတ်ထားသောကုမ္ပဏီများကို အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး(၁)နှင့် (၂)တွင်လည်းကောင်း၊ ရောင်းရငွေ ၁ ဘီလီယံမှ ၁၀ ဘီလီယံအထိ ရရှိသော ကုမ္ပဏီများကို အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၁) တွင်လည်းကောင်း၊ နိုင်ငံခြား ကုမ္ပဏီများကို အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၂) တွင်လည်းကောင်း အခွန်ထမ်းကိုယ်တိုင်အခွန်စည်းကြပ်သည့်စနစ် (Self-Assessment System – SAS) ဖြင့် ဆောင်ရွက်ရန် စီစဉ်ထားရှိခဲ့ပြီးဖြစ်ပါသည်။ ရောင်းရငွေ ၁ ဘီလီယံအောက်ကုမ္ပဏီများကို အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး (၃)၊ (၄)၊ (၅)နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အခွန်ဦးစီးဌာနများတွင်လည်းကောင်း အခွန်ရုံးမှ စည်းကြပ်သည့်စနစ် (Office-Assessment System – OAS) ဖြင့်ဆောင်ရွက်ရန်စီစဉ်ထားရှိခဲ့ပါသည်။ တိုင်းဒေသကြီး/ ပြည်နယ်များရှိ တစ်ဦးချင်းပုဂ္ဂိုလ်အခွန်ထမ်းများအတွက် အခွန်ရုံးမှစည်းကြပ်သည့်စနစ် (Office-Assessment System – OAS) ဖြင့် ဆောင်ရွက်ရန် စီစဉ်ထားရှိခဲ့ပါသည်။

**လိုက်နာဆောင်ရွက်မှုတိုးတက်စေရေးမဟာဗျူဟာအဖွဲ့ (Compliance Improvement Strategy Team – CIS Team) ဖွဲ့စည်းခြင်း**

၇။ လိုက်နာဆောင်ရွက်မှုတိုးတက်စေရေး မဟာဗျူဟာကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် လိုက်နာဆောင်ရွက်မှုတိုးတက်စေရေး မဟာဗျူဟာအဖွဲ့ (Compliance Improvement Strategy Team – CIS Team) တစ်ရပ်အား ဖွဲ့စည်းရန်လိုအပ်မည်ဖြစ်ပါသည်။

၈။ လိုက်နာဆောင်ရွက်မှုတိုးတက်စေရေးမဟာဗျူဟာကို အကောင်အထည်ဖော်နိုင်ရန်အတွက် ဆောင်ရွက်ရာတွင်-

(က) လိုက်နာဆောင်ရွက်မှုတိုးတက်စေရေးမဟာဗျူဟာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လိုက်နာဆောင်ရွက်မှုတိုးတက်စေရေးမဟာဗျူဟာအဖွဲ့ (Compliance Improvement Strategy Team -CIS Team) အား ဖွဲ့စည်းရန်၊

(ခ) CIS Team အတွက် ဦးဆောင်ဆက်သွယ်ရမည့် အဖွဲ့ခေါင်းဆောင် တစ်ဦးအား အချိန်ပြည့်တာဝန်ပေးအပ်ရန်၊

(ဂ) လိုက်နာဆောင်ရွက်မှုတိုးတက်စေရေးမဟာဗျူဟာကို အကောင်အထည်ဖော် ဆောင်ရွက်ရမည့် သက်ဆိုင်ရာရုံးများတွင် လိုက်နာဆောင်ရွက်မှုတိုးတက်စေရေး အဖွဲ့ငယ်များ ဖွဲ့စည်းတာဝန်ပေးအပ်ရန်။

**မဟာဗျူဟာ၏ အဓိကကျသည့်အခန်းကဏ္ဍများ**

၉။ အခွန်စီမံအုပ်ချုပ်ရေး၏ အဓိကနယ်ပယ်များဖြစ်သည့် အခွန်ထမ်းမှတ်ပုံတင်ခြင်း၊ အခွန်ကြေညာလွှာတင်သွင်းခြင်း၊ အခွန်စာရင်းတင်ပြခြင်းနှင့် အခွန်ပေးဆောင်ခြင်းတို့တွင် လိုက်နာဆောင်ရွက်မှုတိုးတက်စေရေးအတွက် မဟာဗျူဟာဖြင့် အောက်ပါအတိုင်း အဓိကထားဆောင်ရွက်မည်ဖြစ်ပါသည်-

(က) လိုက်နာဆောင်ရွက်မှုတိုးတက်စေရေးမဟာဗျူဟာဖြင့် အဓိကထားဆောင်ရွက်မည့် အခွန်ထမ်းနယ်ပယ် (ကဏ္ဍ) ရွေးချယ်ခြင်း၊

(ခ ) လိုက်နာဆောင်ရွက်မှုဆိုင်ရာဆုံးရှုံးနိုင်ခြေများဖော်ထုတ်ခြင်းနှင့် အဆင့်သတ်မှတ်ခြင်း။

**လိုက်နာဆောင်ရွက်မှုတိုးတက်စေရေးမဟာဗျူဟာဖြင့် အဓိကထားဆောင်ရွက်မည့် အခွန်ထမ်းနယ်ပယ် (ကဏ္ဍ) ရွေးချယ်ခြင်း**

၁၀။ ပြည်တွင်းအခွန်များဦးစီးဌာန(ရုံးချုပ်) အနေဖြင့် အခြားမိတ်ဖက်ဌာနများမှရရှိနိုင်သောသတင်းအချက်အလက်များ၊ ဖြစ်ပေါ်လျက်ရှိသော ဈေးကွက်စီးပွားရေးဆိုင်ရာအချက်အလက်များနှင့် အခွန်ရုံးများမှ ရရှိနိုင်သည့် အချက်အလက်များအားလုံးအပေါ် အခြေခံစိစစ်၍ လိုက်နာဆောင်ရွက်မှု တိုးတက်စေရေး မဟာဗျူဟာဖြင့် အဓိကထားဆောင်ရွက်မည့်အခွန်ထမ်းနယ်ပယ်(ကဏ္ဍ)အား နှစ်စဉ် ရွေးချယ်သတ်မှတ်မည် ဖြစ်ပါသည်။ (ဥပမာ- ဆောက်လုပ်ရေးကဏ္ဍ၊ Supermarkets)

**လိုက်နာဆောင်ရွက်မှုဆိုင်ရာဆုံးရှုံးနိုင်ခြေများဖော်ထုတ်ခြင်းနှင့် အဆင့်သတ်မှတ်ခြင်း**

၁၁။ ရွေးချယ်ထားသော အခွန်ထမ်းနယ်ပယ်(ကဏ္ဍ)ရှိ လိုက်နာဆောင်ရွက်မှုဆုံးရှုံးနိုင်ခြေများအား ဖော်ထုတ်ရာတွင် အဆိုပါကဏ္ဍရှိ အခွန်ထမ်းတစ်ဦးချင်းစီ၏ အခွန်ထမ်းမှတ်ပုံတင်ခြင်း၊ ကြေညာလွှာတင်သွင်းခြင်း၊ အခွန်စာရင်းတင်ပြခြင်းနှင့် အခွန်ပေးဆောင်ခြင်းတို့အပေါ်အခြေခံ၍ အောက်ပါအတိုင်း တွက်ချက်ဆောင်ရွက်ရမည် ဖြစ်ပါသည်-

| | |
|---|---|
| (က) မှတ်ပုံတင်ခြင်း | DICA ရှိ ကုမ္ပဏီများစာရင်းမှ အခွန်ထမ်းမဖြစ်သေးသည့် ကုမ္ပဏီ အရေအတွက်နှင့် ပြည်တွင်းအခွန်များဦးစီးဌာနရှိ အခွန်ထမ်းစာရင်းဝင်ကုမ္ပဏီများ အချိုးချခြင်း၊<br>(အခွန်ထမ်း စာရင်းမဝင်/ အခွန်ထမ်း စာရင်းဝင် %)<br>{ရာခိုင်နှုန်းတစ်ခုသတ်မှတ်ရန်}<br><br>- CIS ကို ကဏ္ဍအလိုက် ဆောင်ရွက်မည်ဆိုပါက အခွန်ထမ်းဦးရေကိုလည်း ကဏ္ဍအလိုက် တွက်ချက်ရန် |

(ခ ) ကြေညာလွှာတင်သွင်းခြင်း — ပြည်တွင်းအခွန်များဦးစီးဌာနရှိအခွန်ထမ်းစာရင်းဝင်ကုမ္ပဏီ အရေအတွက်နှင့် ကြေညာလွှာတင်သွင်းသည့် ကုမ္ပဏီ အရေအတွက် အချိုးချခြင်း၊
(ကြေညာလွှာတင်သွင်းသူဦးရေ/ စုစုပေါင်းအခွန်ထမ်း ဦးရေ %)
{ရာခိုင်နှုန်းတစ်ခု သတ်မှတ်ရန်}

- CIS ကို ကဏ္ဍအလိုက် ဆောင်ရွက်မည်ဆိုပါက အခွန် ထမ်းဦးရေကိုလည်း ကဏ္ဍအလိုက် တွက်ချက်ရန်

(ဂ ) အခွန်စာရင်းတင်ပြခြင်း — ကုမ္ပဏီများ၏ နှစ်အလိုက်အချက်အလက်များ တင်ပြမှု အပေါ် စိစစ်သုံးသပ်ခြင်း၊

ဥပမာ- ဝင်ငွေလျော့နည်းတင်ပြခြင်း၊ အသုံးစရိတ်ပိုမိုတင် ပြခြင်း၊ တန်ဖိုးလျော့များ ပိုမိုတင်ပြခြင်း စသည်ဖြင့်

(ဃ) အခွန်ပေးဆောင်ခြင်း — ကြေညာလွှာတွင်ဖော်ပြထားသော အခွန်အမျိုးအစား ပမာဏတစ်ရပ်ရပ်ကို ပေးဆောင်ရန် ပျက်ကွက်သည့် အခွန်ထမ်းများကို ရွေးချယ် ဖော်ထုတ်ခြင်း။

၁၂။ အထက်ပါအတိုင်းစိစစ်ဖော်ထုတ်ထားသော လိုက်နာဆောင်ရွက်မှုဆိုးရွားနိုင်ခြေများ အပေါ် အခြေခံ၍ လိုက်နာဆောင်ရွက်မှုဆိုးရွားနိုင်ခြေများအား အဆင့်အလိုက်_

(က) ဆိုးရွားနိုင်ခြေမြင့်မားသော အခွန်ထမ်းများ

(ခ ) ဆိုးရွားနိုင်ခြေနည်းပါးသောအခွန်ထမ်းများ ဟူ၍ အဆင့်(၂)ဆင့်ခွဲခြားရွေးထုတ် သတ်မှတ် မည်ဖြစ်ပါသည်။

**ဆိုးရွားနိုင်ခြေမြင့်မားသော အခွန်ထမ်းများ**

၁၃။ အခွန်ထမ်းမှတ်ပုံတင်ခြင်း၊ အခွန်ကြေညာလွှာတင်သွင်းခြင်း၊ အခွန်စာရင်းတင်ပြခြင်းနှင့် အခွန် ပေးဆောင်ခြင်းဆိုင်ရာကိစ္စရပ်များတွင် အခွန်ဆိုင်ရာဥပဒေများအား ကောင်းစွာသဘောပေါက်နားလည် ပြီး အခွန်ရှောင်ရှားရန် ရည်ရွယ်ချက်ဖြင့် နည်းလမ်းများအသုံးပြု၍ လုပ်ဆောင်သည်ဟု ယူဆသော အခွန်ထမ်းများနှင့် သတ်မှတ်ထားသောပျက်ကွက်မှုအကြိမ်ရေအားကျော်လွန်သည့် အခွန်ထမ်းများ အား ဆိုးရွားနိုင်ခြေ မြင့်မားသော အခွန်ထမ်းများအဖြစ် သတ်မှတ်ပါသည်။

## ဆုံးရှုံးနိုင်ခြေနည်းပါးသော အခွန်ထမ်းများ

၁၄။ ဆုံးရှုံးနိုင်ခြေမြင့်မားသောအခွန်ထမ်းများရွေးထုတ်ရန် သတ်မှတ်ထားသည့် ဆုံးရှုံးနိုင်ခြေညွှန်ကိန်းများကိုကျော်လွန်ခြင်းမရှိသော အခွန်ထမ်းများအား ဆုံးရှုံးနိုင်ခြေနည်းပါးသော အခွန်ထမ်းများအဖြစ် သတ်မှတ်ပါသည်။

## လိုက်နာဆောင်ရွက်မှုတိုးတက်စေရေးမဟာဗျူဟာ (CIS) ဆောင်ရွက်ရန်အစီအစဉ်

၁၅။ ပြည်တွင်းအခွန်များဦးစီးဌာနသည် အခွန်ထမ်းများ လိုက်နာဆောင်ရွက်မှုအားကောင်းလာစေရန်အတွက် ဆောင်ရွက်ရမည့်နယ်ပယ်များကို အောက်ပါအစီအစဉ်အတိုင်း သတ်မှတ်ထားပါသည်-

(က) အခွန်ရုံးအလိုက် အခွန်ထမ်းလိုက်နာဆောင်ရွက်မှုအားကောင်းလာစေရန် ဆောင်ရွက်ခြင်း၊

(ခ) လုပ်ငန်းဆောင်ရွက်မှုကဏ္ဍအလိုက် အခွန်ထမ်းလိုက်နာဆောင်ရွက်မှုအားကောင်းလာစေရန်ဆောင်ရွက်ခြင်း။

## အခွန်ရုံးအလိုက် အခွန်ထမ်းလိုက်နာဆောင်ရွက်မှုအားကောင်းလာစေရန်ဆောင်ရွက်ခြင်း

၁၆။ ပြည်တွင်းအခွန်များဦးစီးဌာနသည် အခွန်ရုံးအလိုက် အခွန်ထမ်းများ လိုက်နာဆောင်ရွက်မှုအားကောင်းလာစေရန်အတွက် အောက်ပါဦးစားပေးအစီအစဉ်အတိုင်း ဆောင်ရွက်ရန်သတ်မှတ်ပါသည်-

(က) ပထမဦးစားပေးအနေဖြင့် အခွန်ထမ်းကိုယ်တိုင်အခွန်စည်းကြပ်သည့်စနစ် (Self-Assessment System – SAS) ကိုကျင့်သုံးလျက်ရှိသည့်ရုံးများ၊ (အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး ၁၊ ၂ နှင့် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး ၁၊ ၂)

(ခ) ဒုတိယဦးစားပေးအနေဖြင့် အခွန်ရုံးမှ စည်းကြပ်သည့်စနစ် (Office-Assessment System – OAS) ဖြင့်ဆောင်ရွက်နေသော ကုမ္ပဏီ/အဖွဲ့အစည်းများ၊ (အလယ်အလတ်အခွန်ထမ်း များဆိုင်ရာအခွန်ရုံး ၃၊ ၄၊ ၅)

(ဂ) ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အခွန်ရုံးမှစည်းကြပ်သည့်စနစ်(Office-Assessment System – OAS) ဖြင့် ဆောင်ရွက်လျက်ရှိသည့် (က) အဆင့်မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများ။

## လုပ်ငန်းဆောင်ရွက်မှုကဏ္ဍအလိုက် အခွန်ထမ်းလိုက်နာဆောင်ရွက်မှုအားကောင်းလာစေရန် ဆောင်ရွက်ခြင်း

၁၇။ ပြည်တွင်းအခွန်များဦးစီးဌာနသည် လုပ်ငန်းဆောင်ရွက်မှုကဏ္ဍအလိုက် အခွန်ထမ်းများလိုက်နာဆောင်ရွက်မှုအားကောင်းလာစေရန်အတွက် အောက်ပါအတိုင်းဆောင်ရွက်ရန် သတ်မှတ်ပါသည်-

(က) နိုင်ငံတော်၏ စီးပွားရေးအခြေအနေအရပ်ရပ်နှင့် ဖွံ့ဖြိုးတိုးတက်မှုအပေါ်အခြေခံ၍ နှစ်အလိုက် တိုးတက်လာသောကဏ္ဍအလိုက် အခွန်ဆုံးရှုံးနိုင်မည့်လုပ်ငန်းများကို ရွေးချယ်ဖော်ထုတ်ခြင်း၊

(ခ) လုပ်ငန်းကဏ္ဍအလိုက် အခွန်ဆိုင်ရာလိုက်နာဆောင်ရွက်မှုတိုးတက်လာစေရေး ဆောင်ရွက်ရန်အတွက် ဖွဲ့စည်းတာဝန်ပေးခြင်း၊ ကွင်းဆင်းစစ်ဆေးမည့် အဖွဲ့များ ဖွဲ့စည်းခြင်း၊

(ဂ) ရွေးချယ်ထားသည့် ကဏ္ဍအလိုက်လုပ်ငန်းများနှင့်စပ်လျဉ်း၍ ပတ်သက်ဆက်စပ်မှုရှိသည့် သူများအားလုံး၏ သတင်းစာရင်းများကို စုစည်းရယူဆောင်ရွက်ခြင်း၊ ဈေးကွက်အတွင်းဖြစ်ပေါ်နေသော အခြေအနေများအား စုံစမ်းဖော်ထုတ်ခြင်း၊

(ဃ) ရရှိထားသော သတင်းအချက်အလက်များအရ ပညာပေးကာလသတ်မှတ်၍ အခွန်ဆိုင်ရာလိုက်နာဆောင်ရွက်မှုအားကောင်းစေရေး သက်ဆိုင်ရာလုပ်ငန်းများနှင့်ဆက်စပ်သည့် ကဏ္ဍများရှိ အသင်းအဖွဲ့များနှင့် ပူးပေါင်း၍ အခွန်ဆိုင်ရာ တာဝန်ဝတ္တရားများကို ပညာပေး ဆောင်ရွက်ခြင်း၊

(င) သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းများနှင့်ဆက်စပ်ဆောင်ရွက်နေသူများ အားလုံးအခွန်ထမ်းဖြစ်စေရေး ဦးတည်ဆောင်ရွက်ခြင်း၊

(စ) လုပ်ငန်းဆက်စပ်သည့် သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းရှင်များအားလုံးပေါင်းစပ်ဖွဲ့စည်းထားသော အသင်းအဖွဲ့များနှင့်တွေ့ဆုံလျက် လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုများကို အသိပေးကာ လိုက်နာဆောင်ရွက်မှု အားကောင်းစေရေး ယင်းအဖွဲ့များ၏ အကူအညီရယူဆောင်ရွက်ခြင်း၊

(ဆ) ပညာပေးကာလကျော်လွန်ပါက အခွန်ဆိုင်ရာဥပဒေများအရလိုက်နာမှုမရှိသည့် အခွန်ထမ်းများအားလုံးကို သက်ဆိုင်ရာအခွန်ဥပဒေများနှင့်အညီ လိုအပ်သလိုအရေးယူခြင်းများဆောင်ရွက်ခြင်း။

## လိုက်နာဆောင်ရွက်မှုတိုးတက်စေရေးအတွက် ချဉ်းကပ်ဆောင်ရွက်မည့်နည်းလမ်းများ

၁၈။ ပြည့်စုံကောင်းမွန်သည့် လိုက်နာဆောင်ရွက်မှုတိုးတက်စေရေးမဟာဗျူဟာ (CIS) ဖြစ်စေရေးအတွက် ဆုံးရှုံးနိုင်ခြေများအပေါ် အောက်ပါနည်းလမ်းများ ချမှတ်ဆောင်ရွက်သွားမည် ဖြစ်ပါသည်-

(က) အခွန်ထမ်းမှတ်ပုံတင်ခြင်းနှင့် ပတ်သက်၍ လိုက်နာဆောင်ရွက်မှုအားကောင်းစေရန် ဆောင်ရွက်ခြင်း၊

(ခ) အခွန်ကြေညာလွှာတင်သွင်းခြင်းနှင့် ပတ်သက်၍ လိုက်နာဆောင်ရွက်မှုအားကောင်းစေရန် ဆောင်ရွက်ခြင်း၊

(ဂ) အခွန်စာရင်းတင်ပြခြင်းနှင့် စပ်လျဉ်းပြီး အခွန်စာရင်းစစ်ဆေး၍ လိုက်နာဆောင်ရွက်မှုအားကောင်းစေရန် ဆောင်ရွက်ခြင်း

(ဃ) အခွန်ပေးဆောင်မှု လွယ်ကူစေရေးဆောင်ရွက်ခြင်း။

**အခွန်ထမ်းမှတ်ပုံတင်ခြင်းနှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်မှုအားကောင်းစေရန် ဆောင်ရွက်ခြင်း**

၁၉။ အခွန်ထမ်းမှတ်ပုံတင်ခြင်းနှင့် ပတ်သက်၍ လိုက်နာဆောင်ရွက်မှု အားကောင်းလာစေရန် အောက်ပါ အတိုင်း ဆောင်ရွက်ရမည်ဖြစ်ပါသည်-

(က) ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (DICA) တွင် မှတ်ပုံတင်ထားသော အခွန်ထမ်းများ အားလုံး ပြည်တွင်းအခွန်များဦးစီးဌာနတွင် အခွန်ထမ်းမှတ်ပုံတင်ခြင်းကို လွယ်ကူစွာ ဆောင်ရွက်နိုင်ရန်အတွက် ညွှန်ကြားလွှာထုတ်ပြန်ရန်ဆောင်ရွက်ခြင်း၊

(ခ ) ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (DICA) တွင် မှတ်ပုံတင်ထားသော ကုမ္ပဏီများအနေဖြင့် ပြည်တွင်းအခွန်များဦးစီး ဌာနတွင် Online မှ အခွန်ထမ်းမှတ်ပုံတင်နိုင်စေရေး ဆောင်ရွက်ခြင်း၊

(ဂ ) ထိုသို့မှတ်ပုံတင်ရန်အတွက် ကုမ္ပဏီအား အခွန်ဆိုင်ရာဝန်ဆောင်မှုဌာနခွဲက ရှင်းလင်း အသိပေးခြင်း၊

(ဃ ) အခွန်ထမ်းပြည်သူများအနေဖြင့် လွယ်ကူစွာအခွန်ထမ်းမှတ်ပုံတင်နိုင်ရေးအတွက် e-Registration စနစ်အားအကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(င ) e-Registration ဖြင့်မှတ်ပုံတင်ခြင်းမှအပ ကျန်မှတ်ပုံတင်ခြင်းကိစ္စရပ်များအတွက် အခွန်ထမ်းမှတ်ပုံတင်လျှောက်လွှာပုံစံ၊ အခွန်ထမ်းမှတ်ပုံတင်ပုံစံနှင့် သတင်းအချက်အလက်တောင်းခံလွှာပုံစံတို့ ပေးအပ်ပြီး မည်ကဲ့သို့ဖြည့်သွင်းရမည်ကို အခွန်ဆိုင်ရာဝန်ဆောင်မှုဌာနခွဲက အခွန်ထမ်းအားရှင်းလင်း ပြောကြားခြင်း၊

(စ ) အခွန်ထမ်းများ လွယ်ကူအဆင်ပြေစေရေးအတွက် အခွန်ထမ်းမှတ်ပုံတင်ခြင်းကို အခွန်ဆိုင်ရာဝန်ဆောင်မှုဌာနခွဲက ဆောင်ရွက်ပေးခြင်း၊

(ဆ ) အခွန်ဆိုင်ရာဝန်ဆောင်မှုဌာနခွဲအနေဖြင့် အခွန်ထမ်းမှတ်ပုံတင်အမှတ် (TIN No.) ထုတ်ပေးပြီးပါက အခွန်ထမ်းဆောင်ရမည့်အခွန်ရုံးခွဲခြားသတ်မှတ်ပေးခြင်း၊

(ဇ ) ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် အခွန်ဆိုင်ရာကိစ္စရပ်များဆောင်ရွက်ရာတွင် Integrated Tax Administration System (ITAS) စနစ် ကျင့်သုံးသည့် အချိန်၌ ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (DICA) တွင်ပြောင်းလဲကျင့်သုံးနေသည့် Myanmar Companies Online (MyCO) စနစ်နှင့် ချိတ်ဆက်ကာ ကုမ္ပဏီအခွန်ထမ်းများအတွက် အခွန်ထမ်းမှတ်ပုံတင်အမှတ် (TIN No.) သတ်မှတ်ထုတ်ပေးခြင်းနှင့် အခွန်ထမ်းမှတ်ပုံတင်စာရင်းတင်သွင်းခြင်းကို သက်ဆိုင်ရာအခွန်ရုံးသို့ လူကိုယ်တိုင် သွားရောက်ရန်မလိုအပ်ဘဲ Online မှ လွယ်ကူစွာစာရင်းသွင်းနိုင်ရန်ဆောင်ရွက်ခြင်း၊

(ဈ) အခွန်ထမ်းမှတ်ပုံတင်ခြင်းမရှိသည့် အခွန်ထမ်းကို အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရန် တွန်းအားပေးဆောင်ရွက်စေခြင်း။

**အခွန်ကြေညာလွှာတင်သွင်းခြင်းနှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်မှုအားကောင်းစေရန်ဆောင်ရွက်ခြင်း**

၂၀။ အခွန်ထမ်းများအနေဖြင့် မှတ်ပုံတင်ခြင်းဆောင်ရွက်ပြီးနောက် လုပ်ငန်းနှင့်သက်ဆိုင်သည့် အခွန်ကြေညာလွှာအားလုံး တင်သွင်းရမည်ဖြစ်ပါသည်။ ထိုသို့ တင်သွင်းရာတွင်-

(က) အခွန်ထမ်းများ အခွန်ကြေညာလွှာတင်သွင်းရာတွင် ပိုမိုလွယ်ကူလျင်မြန်စွာဆောင်ရွက်နိုင်ရန်အတွက် အီလက်ထရောနစ်နည်းဖြင့်အခွန်ကြေညာလွှာတင်သွင်းမှုစနစ်(e-Filing Management System) ကိုအသုံးပြုဆောင်ရွက်ခြင်း၊

(ခ ) အခွန်ထမ်းအားလုံး သတ်မှတ်ကာလအတွင်း ကြေညာလွှာတင်သွင်းနိုင်ရေးဆောင်ရွက်ခြင်း၊

(ဂ ) အခွန်ထမ်းများအနေဖြင့် အီလက်ထရောနစ်နည်းဖြင့် အခွန်ကြေညာလွှာတင်သွင်းမှုစနစ် (e-Filing Management System) အသုံးပြုခြင်းအားဖြင့် သက်ဆိုင်ရာအခွန်ရုံးများသို့ လူကိုယ်တိုင်သွားရောက်ရန်မလိုဘဲ အချိန်နေရာမရွေး တင်သွင်းနိုင်သည့်အတွက် အချိန်နှင့် ကုန်ကျစရိတ်သက်သာနိုင်ခြင်း၊ အခွန်ဆိုင်ရာအချက်အလက်များကို Digital Format ဖြင့် မှန်ကန်တိကျစွာရရှိနိုင်ခြင်းနှင့် ဆောင်ရွက်လိုသည်များကိုလွယ်ကူလျင်မြန်စွာရရှိနိုင်ရန်အတွက် အီလက်ထရောနစ်နည်းဖြင့်အခွန်ကြေညာလွှာတင်သွင်းမှုစနစ်ကို အသုံးပြုရန်စီစဉ်ဆောင်ရွက်ခြင်း၊

(ဃ) e-Filiing စနစ်ဖြင့် အခွန်ကြေညာလွှာတင်သွင်းရန်အတွက် ပြည်တွင်းအခွန်များဦးစီးဌာန၏ ဝက်ဘ်ဆိုဒ်ဖြစ်သော www.ird.gov.mm မှတစ်ဆင့်ဝင်ရောက်၍ စနစ်အသုံးပြုခွင့်အတွက် ပထမဦးစွာ Account Register ပြုလုပ်ရန်လိုအပ်ခြင်း၊

(င ) အခွန်ထမ်းကုမ္ပဏီများက e-Filing စနစ်အသုံးပြု၍ အထူးကုန်စည်ခွန်ကြေညာလွှာ၊ သုံးလပတ်ကုန်သွယ်လုပ်ငန်းခွန်ကြေညာလွှာ၊ ရောင်းချ၊ လဲလှယ်၊ လွှဲပြောင်းခြင်းအလိုက် တင်သွင်းသည့် အခြေပစ္စည်းမှမြတ်စွန်းငွေကြေညာလွှာ၊ စုပေါင်းတင်သွင်းသည့် အခြေပစ္စည်းမှမြတ်စွန်းငွေ ကြေညာလွှာ၊ နှစ်ချုပ်ကုန်သွယ်လုပ်ငန်းခွန်ကြေညာလွှာနှင့် ပုဂ္ဂိုလ်စုဝင်ငွေခွန်ကြေညာလွှာများ တင်သွင်းခြင်း ဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်ခြင်း။

**အခွန်စာရင်းတင်ပြခြင်းနှင့်စပ်လျဉ်းပြီး အခွန်စာရင်းစစ်ဆေး၍ လိုက်နာဆောင်ရွက်မှုအားကောင်းစေရန် ဆောင်ရွက်ခြင်း**

၂၁။ အခွန်စာရင်းစစ်ဆေးခြင်းသည် လိုက်နာဆောင်ရွက်မှုတိုးတက်စေရေး ကိစ္စရပ်များအတွက် အလွန် အရေးပါပါသည်။ အခွန်ထမ်းများအနေဖြင့် ၎င်းတို့၏ ကြေညာလွှာတွင် အချက်အလက်များ တင်ပြရာ၌ ဝင်ငွေလျှော့ပြခြင်း၊ အခွန်ပေးဆောင်မှုလျော့ကျစေရန် နုတ်ပယ်ခွင့်များ ပိုပြခြင်းစသည့် ဆုံးရှုံးနိုင်ခြေမြင့်မားသောအချက်များကို ဆောင်ရွက်မှုများပေါ်ပေါက်နိုင်ပါသည်။

၂၂။ အခွန်စာရင်းစစ်ဆေးနိုင်သည့်အခွန်ထမ်းပမာဏသည် အခွန်စာရင်းစစ်ဆေးခံရသည့် အခွန်ထမ်းတစ်ဦးချင်းစီထံမှ အခွန်နှင့်ဒဏ်ပမာဏတို့ ထပ်မံတိုးမြှင့်ရရှိမည့်ပမာဏနှင့် တိုက်ရိုက်ဆက်စပ်လျက်ရှိပြီး အခွန်စာရင်းစစ်ဆေးခြင်းသည် အခွန်ထမ်းများ၏ လိုက်နာဆောင်ရွက်မှုအပြုအမူ (Tax-payer Behaviour) တိုးတက်မှုနှင့်လည်း သွယ်ဝိုက်ဆက်စပ်လျက်ရှိပါသည်။

၂၃။ အခွန်စာရင်းစစ်ဆေးမည့် စာရင်းစစ်အဖွဲ့အား လိုက်နာဆောင်ရွက်မှုတိုးတက်စေရေးနှင့် စပ်လျဉ်းသည့် လိုအပ်သည့်အချက်အလက်များပါဝင်သော သတင်းအချက်အလက်တောင်းခံလွှာတစ်စောင်ကိုပြုစု၍ စာရင်းစစ်ဆေးချိန်တွင် တစ်ပါတည်းကောက်ယူပေးရန် ဆောင်ရွက်စေမည်ဖြစ်ပါသည်။ အဆိုပါတောင်းခံလွှာပုံစံအား နှစ်အလိုက်ပြောင်းလဲရေးဆွဲမည့် လိုက်နာဆောင်ရွက်မှုတိုးတက်စေရေးမဟာဗျူဟာအရ လိုအပ်သည့် အချက်အလက်များကို ထည့်သွင်းပြုစုရေးဆွဲမည်ဖြစ်ပါသည်။

၂၄။ အခွန်စာရင်းစစ်ဆေးခြင်းကဏ္ဍတွင် -

(က) အခွန်စာရင်းစစ်ဆေးရန် အခွန်ထမ်းများရွေးချယ်ရာတွင် လိုက်နာဆောင်ရွက်မှုနည်းပါးပြီး ဆုံးရှုံးနိုင်ခြေမြင့်မားသည့် ကဏ္ဍများနှင့် အခွန်အမျိုးအစားများအား သီးသန့်စိစစ်ရွေးချယ်ခြင်း၊

(ခ) အခွန်စာရင်းစစ်ဆေးနေစဉ်အတွင်း သက်ဆိုင်ရာအခွန်ထမ်းနှင့်ဆက်စပ်အလုပ် လုပ်ကိုင်နေသည့် အခြားသောလုပ်ငန်းပါတနာများ၏ ပေးချေမှုများအားစိစစ်ဖော်ထုတ်ခြင်း၊

(ဂ) ရရှိလာသောစာရင်းများအရ ဆက်စပ်လုပ်ငန်းပါတနာများသည် အခွန်ထမ်းအဖြစ် မှတ်ပုံတင်ထားခြင်း ရှိ/မရှိ စိစစ်ခြင်း၊

(ဃ) အခွန်ထမ်းဖြစ်ပါက ပုံမှန်အခွန်ကြေညာလွှာတင်သွင်းခြင်း ရှိ/မရှိ စိစစ်ခြင်းတို့ကိုပါ ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၂၅။ သို့ရာတွင် အခွန်စာရင်းစစ်ဆေးခြင်းကို အခွန်ရုံးမှစည်းကြပ်သည့် စနစ်(Office-Assessment System – OAS) ကျင့်သုံးသည့်ရုံးများတွင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်မှာ လုပ်ငန်းသဘောသဘာဝအရ ကြီးမားသော စိန်ခေါ်မှုတစ်ရပ်ဖြစ်ပါသဖြင့် အခွန်ထမ်းကိုယ်တိုင်အခွန်စည်းကြပ်

သည့်စနစ် (Self-Assessment System – SAS) ကိုကျင့်သုံးလျက်ရှိသည့်ရုံးများတွင်သာ ဦးစွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

**အခွန်ပေးဆောင်မှု လွယ်ကူစေရေးဆောင်ရွက်ခြင်း**

၂၆။ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် အခွန်ဥပဒေများအရ ပေးသွင်းရမည့်အခွန်များကို သက်ဆိုင်ရာရုံးများ၏ ငွေစာရင်းသို့အချိန်မီ ပေးသွင်းစေရေး သက်ဆိုင်ရာရုံးအလိုက် နှိုးဆော် ဆောင်ရွက်ခြင်းကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၂၇။ ထို့ပြင်အခွန်ထမ်းများလွယ်ကူအဆင်ပြေစွာအခွန်ပေးဆောင်နိုင်ရေးအတွက်အီလက်ထရောနစ် နည်းဖြင့် အခွန်ပေးသွင်းနိုင်ရေးကိုလည်းဆောင်ရွက်ရမည်ဖြစ်ပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင်-

(က) ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် အခွန်ထမ်းများ၏ လိုက်နာဆောင်ရွက်မှုမြင့်မား စေရေးအခွန်ပေးဆောင်မှုအဆင့်များတွင် လွယ်ကူမြန်ဆန်စွာဆောင်ရွက်နိုင်ရန် မြန်မာ နိုင်ငံတော်ဗဟိုဘဏ်၏ ငွေပေးချေမှုကွန်ယက်စနစ် CBM-NET ကိုအသုံးပြု၍ လည်းကောင်း၊ e-Commerce ဖွင့်လှစ်ထားသော MPU Debit Card ကို အသုံးပြု၍ လည်းကောင်း အခွန်ပေးဆောင်နိုင်စေရန်ဆောင်ရွက်ခြင်း၊

(ခ) မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ငွေပေးချေမှုကွန်ယက် (CBM-NET) ကိုအသုံးပြု၍ ပြည်တွင်းအခွန်များဦးစီးဌာနနှင့် Application Programming Interface (API) နည်းပညာဖြင့်ချိတ်ဆက်ထားသော ပုဂ္ဂလိကဘဏ်များ၏ i-Banking, Mobile Banking, Mobile Payment တို့ကိုအသုံးပြု၍လည်းကောင်း၊ Application Programming Interface (API) နည်းပညာဖြင့်ချိတ်ဆက်မထားသော ဘဏ်များ၏ Digital Payment System များကိုအသုံးပြု၍လည်းကောင်း အခွန်ပေးဆောင်နိုင်စေရန် ဆောင် ရွက်ခြင်း၊

(ဂ) အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးနှင့် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး များတွင် ပေးဆောင်ရမည့်အခွန်များအား ငွေသား/ချက်လက်မှတ် အသုံးပြု၍ အခွန် ပေးဆောင်မှုအစား e-Commerce ဖွင့်လှစ်ထားသော MPU Debit Card ကို အသုံးပြု၍ Online မှ အခွန်ငွေပေးဆောင်နိုင်ရန် ဆောင်ရွက်ခြင်း၊

(ဃ) အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးနှင့် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး များမှ အခွန်ထမ်းကုမ္ပဏီများရှိ ကုမ္ပဏီဝန်ထမ်းများ၏ လစာဝင်ငွေခွန်ပေးဆောင်ခြင်း အား MPU Debit Card ကိုအသုံးပြုနိုင်ရန် ဆောင်ရွက်ခြင်း၊

(င) ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အခွန်ဦးစီးဌာနမှူး ရုံးတချို့မှ စတင်ကာ တစ်ဦးချင်းပုဂ္ဂိုလ်အခွန်ထမ်းများ၏ အခွန်ပေးသွင်းမှုများကို MPU

Debit Card အသုံးပြုပြီး အခွန်ပေးဆောင်နိုင်စေရန် ဆောင်ရွက်ခြင်းအား တစ်နိုင်ငံလုံး အတိုင်းအတာအထိ ဆောင်ရွက်နိုင်ရန်စီစဉ်ခြင်း။

**လိုက်နာဆောင်ရွက်မှုတိုးတက်စေရေးအတွက် ဆုံးရှုံးနိုင်ခြေများအပေါ် ကုစားမှုအစီအစဉ်များ စီစဉ်ဆောင်ရွက်ခြင်း**

၂၈။ ပြည့်စုံကောင်းမွန်သည့် လိုက်နာဆောင်ရွက်မှုတိုးတက်စေရေးမဟာဗျူဟာ (CIS) ဖြစ်စေရေးအတွက် ဆုံးရှုံးနိုင်ခြေများအပေါ် အောက်ပါကုစားမှုအစီအစဉ်များ ချမှတ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

(က) လိုက်နာဆောင်ရွက်မှုအားကောင်းစေရန် အခွန်ပညာပေးအစီအစဉ်များ ဆောင်ရွက်ခြင်း၊

(ခ) လိုက်နာဆောင်ရွက်ရန်ပျက်ကွက်မှုအပေါ် အခွန်ဆိုင်ရာဥပဒေများအရ အရေးယူဆောင်ရွက်ခြင်း၊

(ဂ) စီမံအုပ်ချုပ်မှုနည်းလမ်းအရ ပြန်လည်သုံးသပ်ခြင်းအား လျှောက်ထားနိုင်ကြောင်းနှင့် အယူခံဝင်ရောက်နိုင်ကြောင်း အသိပညာပေးရှင်းလင်း ဆောင်ရွက်ပေးခြင်း။

**လိုက်နာဆောင်ရွက်မှုအားကောင်းစေရန် အခွန်ပညာပေးအစီအစဉ်များဆောင်ရွက်ခြင်း**

၂၉။ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် အခွန်ထမ်းများ လိုက်နာဆောင်ရွက်မှုအားကောင်းလာစေရန်အတွက် အခွန်ပညာပေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အခွန်ထမ်းအလွှာအသီးသီးအား အခွန်ဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ရမည့် အချက်များကို သိရှိပြီး ရှင်းလင်းလွယ်ကူစွာ လိုက်နာဆောင်ရွက်နိုင်ရေးအတွက် အောက်ပါအတိုင်းဆောင်ရွက်ရမည်ဖြစ်ပါသည်-

(က) ပြန်ကြားရေးအဖွဲ့မှ အခွန်ဆိုင်ရာအသိပညာပေးဆွေးနွေးပွဲများအပြင် ဌာန၏ဝက်ဘ်ဆိုဒ်စာမျက်နှာများ၊ ရုပ်သံလွှင့်မီဒီယာလိုင်းများ၊ FM ရေဒီယိုလိုင်းများ၊ နေ့စဉ်သတင်းစာများ၊ နေ့စဉ်/ အပတ်စဉ်ဂျာနယ်များတွင် အသိပေးကြော်ငြာခြင်းများနှင့် တိုက်တွန်းနှိုးဆော်ချက်များ ထည့်သွင်းခြင်းနှင့် အခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့် အချက်များကို အများပြည်သူ သိရှိလိုက်နာစေရေးအတွက် ထုတ်ပြန်ကြေညာခြင်း၊

(ခ) ပြည်တွင်းအခွန်များဦးစီးဌာန၏ အခွန်ဆိုင်ရာဥပဒေနှင့်လုပ်ထုံးလုပ်နည်းများ ပြင်ဆင်ပြောင်းလဲမှုများရှိပါက ရှင်းလင်းဆွေးနွေးခြင်း၊

(ဂ) အခွန်ထမ်းကိုယ်တိုင်စည်းကြပ်သည့်စနစ် (Self-Assessment System – SAS)အောက်ရှိ အလယ်အလတ်အခွန်ထမ်းများအား ဝန်ဆောင်မှုပေးရာတွင် ပုံစံတူညီပြီးတစ်သမတ်တည်းဖြစ်စေရန်နှင့် အခွန်ရုံးမှစည်းကြပ်သည့်စနစ် (Office-Assessment System – OAS) ရှိ အခွန်ထမ်းများ၏ ယေဘုယျနှင့် သာမန်မေးခွန်းများကို ဖြေရှင်းတာဝန်ယူရန်အတွက် အခွန်ဆိုင်ရာဝန်ဆောင်မှုဌာနခွဲအား ဖွဲ့စည်းခြင်း၊

(ဃ) အခွန်ထမ်းကိုယ်တိုင်စည်းကြပ်သည့်စနစ် (Self-Assessment System – SAS) ကို ကျင့်သုံးသည့် အခွန်ရုံးများအနေဖြင့် ကဏ္ဍအလိုက် Stakeholder Meeting များ ဆောင်ရွက်ခြင်းနှင့် မိမိတို့၏ အခွန်ထမ်းများအား အခွန်ပညာပေးဆောင်ရွက်ခြင်း၊

(င ) အခွန်ထမ်းကိုယ်တိုင်စည်းကြပ်သည့်စနစ် (Self-Assessment System – SAS) အခွန်ထမ်းများအတွက် လိုက်နာဆောင်ရွက်ရမည့်အချက်များကို အချိန်နှင့် တစ်ပြေးညီ e-mail ပေးပို့နှိုးဆော်ခြင်း၊

(စ ) ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် အခွန်ဆိုင်ရာဟောပြောပွဲများအတွက်ဖိတ်ကြား လာပါက ရှင်းလင်းဆောင်ရွက်ခြင်း၊

(ဆ) အခွန်ဥပဒေများကို အများပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရေး အများပြည်သူ သိရှိလိုက်နာရန် သတ်မှတ်ချက်များ ထုတ်ပြန်ခြင်း၊

(ဇ ) အခွန်ဆိုင်ရာကိစ္စရပ်များအား အများပြည်သူသိရှိနိုင်ရန် လက်ကမ်းစာစောင်များဖြန့်ဝေ ခြင်း၊

(ဈ ) အခွန်ထမ်းပြည်သူများမှ အခွန်ဆိုင်ရာကိစ္စရပ်များကို အလွယ်တကူသိရှိစေရန်အတွက် ပြည်တွင်းအခွန်များဦးစီးဌာန၏ ဝက်ဘ်ဆိုဒ်ဖြစ်သော www.ird.gov.mm တွင် အခွန် ဆိုင်ရာအချက်အလက်များနှင့် ပြည်တွင်းအခွန်များဦးစီးဌာန၏ ဆောင်ရွက်ချက်များကို အချိန် နှင့်တစ်ပြေးညီ လွှင့်တင်ခြင်း၊

(ည) ဆက်စပ်ဌာနများတွင်ဖွင့်လှစ်သောသင်တန်းများ၌ အခွန်ဆိုင်ရာဘာသာရပ်များ သင် ကြား ပို့ချခြင်း၊

(တ) ဆက်စပ်ဌာနများနှင့် ပူးပေါင်း၍ အခွန်ပညာပေးလုပ်ငန်းများအား စီစဥ်ဆောင်ရွက်ခြင်း၊

(ထ) ထိရောက်သော အခွန်ပညာပေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် ရန်ပုံငွေလျာထား ချက် ထားရှိခြင်း။

**လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုအပေါ် အခွန်ဆိုင်ရာဥပဒေများအရ အရေးယူဆောင်ရွက်ခြင်း**

၃၀။ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် အခွန်ထမ်းများ၏ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှု အပေါ် အရေးယူဆောင်ရွက်ခြင်းများအား အောက်ပါအတိုင်းဆောင်ရွက်ရမည်ဖြစ်ပါသည်-

(က) အခွန်ဥပဒေများကို လိုက်နာဆောင်ရွက်ခြင်းမရှိသော အခွန်ထမ်းများအပေါ် ပျက်ကွက် မှုအမျိုးအစားအလိုက် အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေနှင့် သက်ဆိုင်ရာအခွန် ဥပဒေ များနှင့်အညီ လိုအပ်သလိုအရေးယူဆောင်ရွက်ခြင်း၊

(ခ ) အခွန်လွတ်ကင်းလျှော့နည်းမှုမရှိစေရန်အတွက် အထူးကုန်စည်များအပေါ်အခွန်အမှတ် တံဆိပ်ကပ်နှိပ်ရောင်းချစေရေး ဆောင်ရွက်ခြင်း၊

(ဂ) အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရန် သတ်မှတ်ထားသော ကုန်စည်များအပေါ် အခွန်အမှတ်တံဆိပ်များကပ်နှိပ်ရောင်းချစေရေးနှင့် အရောင်းပြေစာများအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရောင်းချရန် သတ်မှတ်ထားသောလုပ်ငန်းများအတွက် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရောင်းချစေရန် ဆောင်ရွက်ခြင်း၊

(ဃ) အခွန်အမှတ်တံဆိပ်ကပ်နှိပ်ထမ်းဆောင်ထားခြင်းမရှိသည့် အထူးကုန်စည်ကို လက်ဝယ်တွေ့ရှိပါက အခွန်ဆိုင်ရာဥပဒေများနှင့်အညီ လိုအပ်သလိုအရေးယူဆောင်ရွက်ခြင်းခံရမည့်အပြင် နိုင်ငံတော်ဘဏ္ဍာအဖြစ်သိမ်းယူခြင်းနှင့် သတ်မှတ်ထားသည့်အခွန်အမှတ်တံဆိပ်ကပ်နှိပ်ထားခြင်းမရှိသော အထူးကုန်စည်များကို စစ်ဆေးတွေ့ရှိရပါက အခွန်ဆိုင်ရာဥပဒေများနှင့်အညီ လိုအပ်သလိုအရေးယူဆောင်ရွက်ခြင်း၊

(င) ပြေစာပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရန်သတ်မှတ်ထားသည့် လုပ်ငန်းများအပေါ် ပြေစာ သို့မဟုတ် ငွေလက်ခံရရှိကြောင်းအထောက်အထားကိုထားရှိသော်လည်း ဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှုရယူသူသို့ ထုတ်ပေးရန် ပျက်ကွက်ခြင်း၊ ပြေစာထုတ်ပေးသော်လည်း ကျသင့်အခွန်နှင့်ညီမျှသော အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရန် ပျက်ကွက်ခြင်းနှင့် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရောင်းချရန် သတ်မှတ်ထားသောကုန်စည်နှင့်စပ်လျဉ်း၍ သတ်မှတ်ထားသည့်အတိုင်း အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းမရှိဘဲ ရောင်းချခြင်းအတွက် အခွန်ဆိုင်ရာဥပဒေများနှင့်အညီ လိုအပ်သလိုအရေးယူဆောင်ရွက်ခြင်း၊

(စ) သတ်မှတ်ထားသည့်အချိန်အတွင်း သတ်မှတ်ထားသည့်အတိုင်း အခွန်ပေးသွင်းမှုမရှိသည့် အခွန်ထမ်းများကို ပျက်ကွက်သူအဖြစ် သတ်မှတ်သည့်နေ့မှစတင်၍ အရကောက်ခံမှုနည်းလမ်းများဖြင့် ဆောင်ရွက်ခြင်း။

**စီမံအုပ်ချုပ်မှုနည်းလမ်းအရ ပြန်လည်သုံးသပ်ခြင်းအား လျှောက်ထားနိုင်ကြောင်းနှင့် အယူခံဝင်ရောက်နိုင်ကြောင်း အသိပညာပေး ရှင်းလင်းဆောင်ရွက်ခြင်း**

၃၁။ အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေ ပုဒ်မ ၃၄ နှင့် ၃၅ တို့အရ အခွန်ထမ်းသည် အခွန်ဆိုင်ရာဆုံးဖြတ်ချက်များကို ကျေနပ်မှုမရှိပါက စီမံအုပ်ချုပ်မှုနည်းလမ်းအရ ပြန်လည်သုံးသပ်ခြင်းကိုလျှောက်ထားခြင်းနှင့် အခွန်အယူခံခုံအဖွဲ့သို့ အယူခံဝင်ရောက်နိုင်ကြောင်းအသိပညာပေးရာတွင် အောက်ပါအတိုင်း ဆောင်ရွက်ရမည်ဖြစ်ပါသည် -

(က) အခွန်ထမ်းသည် ပြည်တွင်းအခွန်များဦးစီးဌာန၏ စည်းကြပ်မှု သို့မဟုတ် အခြားဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိပါက အဆိုပါဆုံးဖြတ်ချက်နှင့်ပတ်သက်သည့် အကြောင်းကြားစာကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း စီမံအုပ်ချုပ်မှုနည်းလမ်းအရ ပြန်လည်သုံးသပ်ပေးရန် အသေးစိတ်အကြောင်းပြချက်များကို ဖော်ပြလျက် ညွှန်ကြား

ရေးမှူးချုပ်ထံ လျှောက်ထားနိုင်ကြောင်း အသိပညာပေးရှင်းလင်းခြင်းကို ဆောင်ရွက်ခြင်း၊

(ခ) အခွန်ထမ်းသည် ညွှန်ကြားရေးမှူးချုပ်၏ ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိပါက ရက်ပေါင်း ၉၀ အတွင်း အခွန်အယူခံခုံအဖွဲ့သို့ အယူခံဝင်ရောက်နိုင်ကြောင်းနှင့် အခွန်ထမ်းသည် စီမံအုပ်ချုပ်မှုနည်းလမ်းအရ ပြန်လည်သုံးသပ်ခြင်းကို လျှောက်ထားခဲ့သည်မှာ ရက်ပေါင်း ၉၀ ကျော်လွန်ပြီးဖြစ်သော်လည်း ညွှန်ကြားရေးမှူးချုပ်၏ ဆုံးဖြတ်ချက်တစ်စုံတစ်ရာမရရှိပါက အဆိုပါ ရက်ပေါင်း ၉၀ ပြည့်သည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း အခွန်အယူခံခုံအဖွဲ့သို့ အယူခံဝင်နိုင်ကြောင်း အသိပညာပေးရှင်းလင်းခြင်း။

## လိုက်နာဆောင်ရွက်မှုမဟာဗျူဟာအား ပြန်လည်သုံးသပ်ခြင်းနှင့် နှစ်အလိုက် လိုက်နာဆောင်ရွက်မှုတိုးတက်စေရေးမဟာဗျူဟာ ရေးဆွဲခြင်း

၃၂။ နိုင်ငံတစ်ဝန်းတွင်ဖြစ်ပေါ်နေသော နိုင်ငံရေး၊ စီးပွားရေး၊ ကျန်းမာရေး အစရှိသည့် မြေပြင်အခြေအနေများပေါ်အခြေခံ၍ လက်တွေ့ဆောင်ရွက်ကျင့်သုံးနိုင်သော ခိုင်မာတိကျသည့် လိုက်နာဆောင်ရွက်မှုတိုးတက်စေရေးမဟာဗျူဟာကို နှစ်အလိုက် ရေးဆွဲသွားမည်ဖြစ်ပါသည်။

၃၃။ ထိုသို့ရေးဆွဲရာတွင် လိုက်နာဆောင်ရွက်မှုတိုးတက်စေရေး မဟာဗျူဟာဖြင့် အဓိကထားဆောင်ရွက်မည့် အခွန်ထမ်းနယ်ပယ်(ကဏ္ဍ)ရွေးချယ်ခြင်း၊ လိုက်နာဆောင်ရွက်မှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေများဖော်ထုတ်ခြင်းနှင့် အဆင့်သတ်မှတ်ခြင်း၊ လိုက်နာဆောင်ရွက်မှုတိုးတက်စေရေးအတွက် ဆုံးရှုံးနိုင်ခြေများအပေါ် ကုစားမှုအစီအစဉ်များ စီစဉ်ဆောင်ရွက်ခြင်းစသည့် အဆင့်မြှင့်တင်ရန် လိုအပ်သောမဟာဗျူဟာဆိုင်ရာ အချက်အလက်များအား အသေးစိတ်ထည့်သွင်းရေးဆွဲ သတ်မှတ်သွားမည် ဖြစ်ပါသည်။

၃၄။ ထို့ပြင် လိုက်နာဆောင်ရွက်မှုတိုးတက်စေရေးမဟာဗျူဟာကို အခွန်ရုံးမှစည်းကြပ်သည့်စနစ် (Office Assessment System – OAS) ကိုကျင့်သုံးလျက်ရှိသည့်ရုံးများသို့ တိုးချဲ့ဆောင်ရွက်နိုင်ရန်အတွက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းမပြုမီ အခွန်ထမ်းကိုယ်တိုင်အခွန်စည်းကြပ်သည့်စနစ် (Self-Assessment System – SAS) ကိုကျင့်သုံးလျက်ရှိသည့်ရုံးများတွင် ဆောင်ရွက်ခဲ့သည့်ရလဒ်များနှင့် ရရှိခဲ့သောအတွေ့အကြုံများကို ပြန်လည်သုံးသပ်ခြင်းများ ပြုလုပ်ရမည်ဖြစ်ပါသည်။ အဆိုပါသုံးသပ်ချက်များအရ အခွန်ရုံးမှစည်းကြပ်သည့်စနစ် (Office-Assessment System – OAS)ကိုကျင့်သုံးလျက်ရှိသည့်ရုံးများကိုပါ တိုးချဲ့ဆောင်ရွက်ရန်သင့်လျော်ကြောင်း အတည်ပြုပြီးပါက ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် လိုက်နာဆောင်ရွက်မှုတိုးတက်စေရေးမဟာဗျူဟာကို ပြင်ဆင်၊ ဖြည့်စွက်၍ မွမ်းမံရေးဆွဲရမည်ဖြစ်ပါသည်။

**နိဂုံး**

၃၅။ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် အခွန်ထမ်းလိုက်နာဆောင်ရွက်မှုနှင့်စပ်လျဉ်းပြီး အခြေအနေအရပ်ရပ်ပေါ်မူတည်၍ လိုအပ်ပါက အခွန်ဆုံးရှုံးနိုင်ခြေအများဆုံးကဏ္ဍအလိုက် အခွန်ထမ်းလိုက်နာဆောင်ရွက်မှု အစီအစဉ်များ အသေးစိတ်ရေးဆွဲခြင်းကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၃၆။ ပြည်တွင်းအခွန်များဦးစီးဌာနသည် အခွန်အမျိုးအစားနှင့် အခွန်ထမ်းအလွှာအားလုံးကို လွှမ်းခြုံသည့် ဘက်စုံကောင်းမွန်သော လိုက်နာဆောင်ရွက်မှုတိုးတက်စေရေးမဟာဗျူဟာ (CIS) တစ်ရပ်ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် လိုအပ်သည့် အသိပညာနှင့် ကျွမ်းကျင်မှုများပိုမိုလိုအပ်လျက်ရှိပါသည်။ လိုက်နာဆောင်ရွက်မှုတိုးတက်စေရေးမဟာဗျူဟာ (CIS) ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းအားဖြင့် အခွန်ထမ်းများသည် ၎င်းတို့၏ အခွန်ဆိုင်ရာတာဝန်ဝတ္တရားများကို ပိုမိုနားလည်သဘောပေါက်လာသည်နှင့်အမျှ ဌာနအနေဖြင့်လည်း နိုင်ငံတော်အတွက် ရသင့်ရထိုက်သောအခွန်ငွေများ ပိုမိုတိုးတက်ကောက်ခံရရှိနိုင်မည်ဖြစ်ပါသည်။

၃၇။ သို့ဖြစ်ပါ၍ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် အခွန်ထမ်းအားလုံးအတွက် မှန်ကန်၍ ရှေ့နောက်ညီညွတ်မှုရှိသည့် နွေးထွေးပျူငှာသော ဝန်ဆောင်မှုများကို အချိန်နှင့်တစ်ပြေးညီဆောင်ရွက်သွားရမည်ဖြစ်ပြီး အခွန်ထမ်းများနှင့်နိုင်ငံတော်အစိုးရအား အရည်အသွေးမြင့်မားသည့် ဝန်ဆောင်မှုပေးနိုင်ရန် စဉ်ဆက်မပြတ် ကြိုးပမ်းအားထုတ်ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။